# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် **၈၉** / ၂၀၂၁

၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁ ရက် )

**သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ**

**စိစစ်ရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန က တည်ထောင်ထားသော သင်တန်းကျောင်းများတွင် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ၏အကျိုးကို ရည်ရွယ်၍ ပြစ်ဒဏ်ကာလစိစစ်နိုင်ရေးအတွက် **"သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များစိစစ်ရေးဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် | အဖွဲ့ဝင် |
| (ဃ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေးဗဟို ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးမှ အဆိုပြုတင်ပြလာသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များစာရင်းကို စိစစ်ခြင်း၊

(ခ) သက်ဆိုင်ရာသင်တန်းကျောင်းအလိုက် တင်ပြလာသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ၏ လစဉ်တိုးတက်မှုအခြေအနေ (ကျန်းမာရေး၊ ပညာရေး၊ အပြုအမူ၊ ပေါင်းသင်းဆက်ဆံရေး၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ) ကို ထပ်မံစိစစ်ခြင်း၊

(ဂ) သက်ဆိုင်ရာသင်တန်းကျောင်းအလိုက် တင်ပြလာသည့် ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ၏ ပြစ်ဒဏ်လျှော့ပေါ့မှုစာရင်းအရ ပြစ်ဒဏ်လျှော့ပေါ့မှုအခြေအနေကို ခြောက်လတစ်ကြိမ် စိစစ်ဆောင်ရွက်ခြင်း၊

(ဃ) ကလေးသူငယ်များ၏ အကောင်းဆုံးအကျိုးစီးပွားကို ဆောင်ရွက်ပေးနိုင်ရန် ပြစ်ဒဏ် ကာလကို ပြန်လည်စိစစ်ခြင်းနှင့် လိုအပ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ သင်တန်းကျောင်းများရှိ ပြစ်ဒဏ်ချမှတ်ခြင်းခံရသော ကလေးသူငယ်များ စိစစ်ရေး ဗဟိုကော်မတီကို ပြင်ဆင်ဖွဲ့စည်းရန် လိုအပ်ပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ခွင့်ပြုချက်ဖြင့် ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၄။ နိုင်ငံတော်သမ္မတရုံး၏ ၂၀ - ၅ - ၂၀၂၀ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၇၄ / ၂၀၂၀ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ